# ကြာကြီးကွင်းကျေးရွာ

# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြာကြီးကွင်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကြာကြီးကွင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

**ကိုးကားစာရင်း ၇၄**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း


ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကြာကြီးကွင်းကျေးရွာ
မိုးညှင်းမြို့နယ်

ကြာကြီးကွင်းကျေးရွာသယံဇာတပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှု့များအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

မိုးညှင်းခရိုင်၊ ဟိုပင်မြို့နယ်ခွဲ ကြာကြီးကွင်းကျေးရွာသည် ရွှေဘို၊ မြစ်ကြီးနား ပြည်ထောင်စု လမ်းမပေါ်နှင့် မြစ်ကြီးနား-မန္တလေးမီးရထားလမ်းပေါ်တွင်တည်ရှိပြီး ဆက်သွယ်သွားလာရလွယ် ကူပါသည်။ ရွာ၏အကျယ်အဝန်းမှာ စတုရန်းမိုင်(၉၇)ကေရှိပါသည်။ အရှေ့ဘက်တွင် နန့်ရင်း ချောင်းရှိပြီး မြောက်ဘက်တွင်လည်း ရှမ်းကုန်းကျေးရွာနှင့် ဆက်စပ်လျက်ရှိပါသည်။ တောင်ဘက် တွင် ဟိုပင်မြို့တည်ရှိပြီး အနောက်ဘက်တွင် လယ်ဦးကျေးရွာနှင့် နီးစပ်လျက်ရှိနေ၍ ရွယ်ငယ်ပေါင်း (၃)ရွာ ခြံရံလျက်ဖွဲ့စည်း တည်ရှိပါသည်။

ကြာကြီးကွင်းကျေးရွာ၏ပထဝီအနေအထားအရ တည်ရှိနေပုံမှာ မြေပြန့်ဒေသ၌သာ တည်ရှိ ပြီး စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသည်။ နှစ်စဉ်မိုးရေချိန်မှာ (၃၁.၂၆)လက်မရှိပြီး အမြင့်ဆုံး အပူအချိန်မှာ (၃၄)ဒီဂရီစင်တီဂရိတ်ရှိ၍ စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့်ဖြစ်ထွန်းပါ သည်။ ဆားငန်ရေဝင်ရောက်မှုမှာလည်းမရှိပါ။

ကျေးရွာ၏ ရှေ့နောက်ဘေးဖက်ဝဲ၊ ယာပတ်ဝန်းကျင်တွင် လယ်ကွင်းများရှိပြီး တောတောင် စိမ့်စမ်း/ ချောင်းများလည်းရှိပါသည်။ ထို့တောတောင်များမှ သစ်၊ ဝါးစသည့် သယံဇာတများနှင့် ချောင်းအတွင်းမှ ဆည်မြောင်းရေများရရှိနိုင်ပါသည်။ လယ်ယာမြေများသည် စပါး၊ ပဲစိုက်ပျိုးထုတ် လုပ်ရန် အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏ သဘာဝအရင်းအမြစ်များဖြစ်သော လယ်ယာမြေမှာ စိုက်ပျိုးမြေ အထူး ကောင်းမွန်ပြီး အသင့်အတင့်ရှိသည်။ ရာသီအလိုက်သီးနှံများ စိုက်ပျိုးမှုဖြစ်ထွန်းပါသည်။ သို့ပါ သော်လည်း ယခင်ရှိခဲ့ပြီးသော ဆည်ကြီးပျက်စီးသွားသောကြောင့် စိုက်ပျိုးရေးအတွက် ရေအခက်

အခဲ ကြုံနေခဲ့ရပါသည်။ မိုးရေနှင့် မြေအောက်ရေကိုသာ အသုံးပြုကြရသည်။ ယခုတည်ဆောက်နေဆဲ ဆည်ကြီးအမြန်ပြီးအောင် ဆောင်ရွက်ပေးရန်သာ မျှော်လင့်တောင်းတနေကြပါသည်။

ကောက်နုတ်ချက်အရ ထွန်ယက်စိုက်ပျိုးနိုင်သည့်ကေမှာ လယ်မြေ(၁၀၁၈.၃၉)ကေရှိပြီး၊ ယာမြေ၊ တောင်ယာ(၁၅၆.၅၅)ကေနှင့် ဥယျာဉ်ခြံ(၁၀)ကေရှိကြောင်းတွေ့ရှိရသည်။ ထို့စိုက်ပျိုးမြေယာမှ လယ်မြေ(၁၀၁၈.၃၉)ကေသာ ရေသွင်းစိုက်ပျိုးနိုင်ပြီး စပါးနှင့် မြေပဲကိုသာ အဓိက စိုက်ပျိုးလျက်ရှိသည်။ တစ်ခြားပဲမျိုးစိတ်များလည်း အနည်းငယ် စိုက်ပျိုးကြပါသည်။ ယာမြေ၊ တောင်ယာ(၁၅၆.၅၅)ကေမှာမူ ရာသီပေါ်သီးနှံများနှင့် မြေပဲကို စိုက်ပျိုးပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကြာကြီးကွင်းကျေးရွာသည် ရွာ၏အိမ်ထောင်စုစစ်တမ်းကောက်ယူမှုအရ ရွာရှိအိမ်ထောင်စုပေါင်း(၂၄၃)စုနှင့် ကျား(၆၆၈)ဦး၊ မ(၆၇၆)ဦးရှိ၍ တစ်အိမ်ထောင်စု၏ ပျမ်းမျှနှုန်းမှာ (၆)ဦးခန့်ရှိပါသည်။

နို့စို့အရွယ်မှ အလယ်တန်းကျောင်းသားအရွယ်ထိသည် မိန်းကလေးဦးရေထက် ယောကျ်ားလေးဦးရေကပိုများနေသည်ကို တွေ့ရပါသည်။ အလုပ်လုပ်နိုင်သော အရွယ်မှာ(၆၄.၂၁%)ရှိ၍ စုစုပေါင်းလူဦးရေ(၈၆၃)ဦးရှိသောကြောင့် ရွာလူဦးရေ၏ထက်ဝက်ကျော်ဖြစ်နေသည်ကို အားရဖွယ်တွေ့ရှိရပါသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကြာကြီးကွင်းကျေးရွာ၏ စီးပွားရေးပိုင်ဆိုင်မှုနှင့် ဝင်ငွေအခြေအနေမှာ ဝင်ငွေရအဓိကလုပ်ငန်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။ စိုက်ပျိုးရိတ်သိမ်းပြီးချိန်တို့၌ ပြင်ပသို့ သွားရောက်၍ အလုပ်ရှာဖွေလုပ်ကိုင်နေရပြီး နေရပြီး လုပ်အားအရင်းအမြစ်များဆုံးရှုံးနေကြရသည်။

ရွာအတွင်းရှိ အိမ်ထောင်စုအားနည်း၏(၄၆.၀၈%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့် မှာခံယူနေပြီး (၁၆.၉%)မှာတော့ ချမ်းသာသောအဆင့်ဖြစ်သည်။ ကျန်ရှိသော(၃၇.၀၃%)သည် အလယ်အလတ်အဆင့်မှာ ပါဝင်သူများသာဖြစ်သည်။

ထို့ကြောင့် ရွာအတွင်းရှိ မြေယာမဲ့ အိမ်ထောင်စုအရေအတွက် မြင့်မားပြီး(၄၆.၈၉%)ရှိပါသောကြောင့် အလုပ်နှင့် ဝင်ငွေရရှိခြင်းနဲ့ပါးမှု/ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုများကြောင့် ဝင်ငွေပိုင်ဆိုင်မှုမှာ မမျှတမှုများ ဖြစ်ပေါ်နေပါသည်။

ထို့ပြင် ချောင်လည်သူများတစ်ချို့မှာလည်းပွဲစား၊ ကားမောင်း၊ ဆန်စက်နှင့် ဆီစက်စသည့် အခြားလုပ်ငန်းများကိုလည်း လက်လှမ်းမှီသလောက်လုပ်ကိုင်ကြသည်။ ညာဏအားကို အသုံးပြု၍ တန်ထမ်းများလုပ်ကိုင်သူများရှိသလို ကာယအားကိုးသာ အသုံးပြု၍ ရရာအလုပ်ကို ကျပန်းလုပ်ကိုင်သူလဲ ရှိပါသည်။ ကျပန်းလုပ်ကိုင်ရာတွင်လဲ ကျားမအလိုက် လုပ်အားခကွာခြားနေတတ်သည်။ ယခင်က အသုံးပြုခဲ့ကြသောစနစ်နှင့် ခွန်အားသုံး၍ လုပ်ကြရသော လုပ်ငန်းများကြောင့်ဖြစ်သည်။ အလုပ်ရှင်၏လိုအပ်ချက်ပေါ် မူတည်ပြီး နေ့စား/လုပ်အားခနှုန်းထား ပြောင်းလဲမှုရှိနေပါ၍ အတည်တစ်ကျ ဝင်ငွေမရနိုင်ဖြစ်ကြရပါသည်။ ထို့ကျပန်းနေ့စားလုပ်ကိုင်သူများမှာ ဆင်းရဲ/ အလွန်ဆင်းရဲအဆင့်အဆင့်မှာ ပါဝင်သူအများအပြား တွေ့ရှိရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာရှိ ရွာသားများအားလုံးသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး ရာသီပေါ်သီးနှံကိုမှီခို၍ ဝင်ငွေကိုသုံးစွဲရသည့် တစ်ခြားလယ်ယာမဲ့လုပ်ကိုင်သူတို့မှာ တစ်ပိုင်တစ်နိုင် ပြန်ကျလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ မိမိတို့ပိုင်ဆိုင်လုပ်အားခနှင့် မပြည့်စုံနိုင်သောကြောင့် သူတပါးထံမှ ချေးငှားသုံးစွဲ စားသောက်ရသူများလည်းရှိသည်။

ထို့မိသားစုဝင်ထဲမှ(၂.၈၈%)သည် အမျိုးသမီးဦးဆောင်သော မိသားစုဝင်များဖြစ်၍ ဝမ်းစာမဖူလုံသူများပါရှိနေသည်ကိုလည်း တွေ့ရှိရသည်။ မိသားစုများ စောင့်ရှောက်မှုနှင့် ကင်းဝင်းနေသူများ၊ မသန်စွမ်းဖြစ်နေသူများမှာ(၆)ဦးရှိပါသည်။ ထို့ပြင်(၂)ဦးမှာ မှီခိုအားထားနာမဲ့ဖြစ်နေသည်။ ဘိုးဘွားရိပ်သာများနှင့်လည်း အလှမ်းကွာဝေးပါသည်။

ကျေးရွာအတွင်း၌ သက်ကြီးပူဇော်ပွဲများ မကျင်းပနိုင်ခြင်း ကျန်းမာရေးစောင့်ရှောက်မှုလိုခြင်းများကို တွေ့နေရပြီးကူညီစောင့်ရှောက်မှုများလဲ အထူးလိုအပ်နေသည်။ စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆)ဦးတို့သည် (၈၀)နှစ်အထက်များသာဖြစ်ကြသည်။ မိသားစုစောင့်ရှောက်မှုမရှိသော လင်မယား(၂)ဦးမှာ မျက်မမြင်ဒုက္ခိတ သက်ကြီးရွယ်အိုတို့ဖြစ်သည်။ ပတ်ဝန်းကျင်ဂရုစိုက်ပေးကမ်းမှုကိုသာ အမှီသဟဲပြုနေကြရသည်။

ထို့ပြင်ရွာအတွင်းရှိ လူငယ်များမှာလည်း တိုင်းပြည်နှင့် အနာဂတ်တိုးတက်ရေးကို လစ်လျူရှုနေကြပြီး မိမိတို့မိသားစု စားဝတ်နေရေးအတွက်ကိုပင် ဦးစားမပေးနိုင်တော့ပဲ မူးယစ်ဆေး၏

သားကောင်များဖြစ်နေကြသည်။ ၎င်းတို့၏ မိသားစုများမှာလည်း ပျော်ရွှင်မှုမရနိုင်ကြတော့ဘဲ မိမိရင်သွေးအသိုင်းအဝိုင်း မောင်နှမများအတွက် အနာဂတ်ကိုရင်လေးနေရပြီး စိတ်ထိခိုက် ခံစားနေရသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျန်းမာရေးနှင့် အဟာရအခြေအနေမှာ ရွာသားများအပေါ်တွေ့ရှိချက်အရ လက်ရှိအနေအထားမှာ ကျန်းမာသန်စွမ်းနေကြသော်လည်း တစ်ခါတစ်ရံမှာ ကျန်းမာရေးချို့ယွင်းချက်များလည်း ဖြစ်ပေါ်တတ်ကြသည်။

ကျေးရွာတွင် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါသည် ယခုနှစ်များအတွင်းအဖြစ်များလာပြီး လူကြီးလူငယ်နှစ်ရပ်လုံး၌ အဖြစ်များဆုံးသောရောဂါဖြစ်နေသည်။ ဖုန်း၊ သွန်၊ လှဲစစ် အသိပညာပေးလုပ်ဆောင်မှုများ လုပ်ဆောင်ကြသော်လည်း မနိုမ်နင်းနိုင်အောင် ခြင်များပေါများနေသည်။ ထို့ကြောင့် ခြင်နှင့်ပတ်သက်သောရောဂါဖြစ်ပွားမှုကို စိုးရိမ်နေရသည်။ အသက်ကြီးပိုင်းများတွင် နှလုံး၊ ဆီးချိုနှင့် သွေးတိုးဖြစ်သူများလည်း တွေ့ရှိရသည်။

ကလေးသူငယ်များအတွက်မှာ နှစ်စဉ်သက်ဆိုင်ရာ နှစ်စဉ်၊ လစဉ်အလိုက်ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းနှင့် အာဟာရမှတ်တမ်းစစ်ယူမှုများကို ပြုလုပ်ပေးနေပါသည်။ ထို့ကြောင့် ကလေးသူငယ်ပပျောက်မှုနှုန်းမှာ မရှိတော့အောင်ပင်ဖြစ်သည်။

ကျေးလက်ဆေးပေးခန်း ကျန်းမာရေးဌာနမှာ ရွာအတွင်း၌ရှိ၍ သွားလာရန်လွယ်ကူပါသည်။ ကြီးကြပ်(၂)ဦးရှိရာ တစ်ယောက်မှာ မိုးညှင်းတွင်နေထိုင်ရသည်ဟု သိရသည်။ သားဖွားဆရာမတစ်ယောက်နှင့် အရံသားဖွားများနှင့် ဆရာမ(၂)ဦးတို့သာရှိသည်။

ကျေးလက်ဆေးခန်းမှာ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားရပြီး သက်တမ်းကြာမြင့်လာပြီဖြစ်သောကြောင့် ဟောင်းနွမ်းပျက်စီးနေပြီဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများပင် မမျှော်နိုင်ပဲ ပြောင်းရွှေ့သွားကြမည်ကိုပင် စိုးရိမ်နေရတော့သည့် အခြေအနေဖြစ်နေသည်။

ကျေးရွာတွင် သောက်သုံးရေရှိရန် လွယ်ကူပါသည်။ လူဦးရေများပြားလာမှုနှင့် ရာသီဥတုပူပြင်းလာမှုကြောင့် နွေရာသီတွင် တွင်းရေများသုံးစွဲရန် မလုံလောက်ဖြစ်နေရပါသည်။ ဖွဲ့ခွဲများနှင့် အသုံးပြုသော ဓာတ်ငွေ့စက်များလည်ပတ်မှုကြောင့်လည်း ရေကြောများ ပျက်စီး၍တွင်းရေများ ညစ်နွမ်းပြီးသောက်သုံးရေ အဆင်မပြေရှိနေမှုကို တွေ့ရှိရသည်။

ထို့ပြင် ကျေးလက်ကျန်းမာရေးဌာနမှ အသိပညာပေးမှုနှင့် နှစ်စဉ်စစ်ဆေးပေးမှုကြောင့် ယင်လုံအိမ်သာများ သုံးစွဲလာကြပြီး၊ သောက်သုံးရေသန့်ရှင်းရေးကိုလည်း ဂရုစိုက်လာကြသည်။ ကျေးလက်ကျန်းမာရေး အသိပေးမှု၏ အကျိုးကျေးဇူးများဖြစ်သည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှော ရောဂါများဖြစ်ပွားမှုနှုန်းမှာလည်း လျော့နည်းခဲ့ပြီး တိုက်ဖွိုက်၊ အစာအိမ်ရောင်စသည့် ရောဂါများ ဖြစ်ပွားမှုမှာလည်း နည်းပါးသွားခဲ့ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးပိုင်းမှာ လက်ရှိပညာရေးနှင့် စာတတ်မြောက်မှုအနေအထားအထူး ကောင်းမွန်သည်။ ရွာသားများအားလုံးအခြေခံပညာကို တတ်မြောက်ကြပြီး စာမတတ်သူမရှိ သလောက်ဖြစ်သည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိသည်။ ကျေးရွာ၌ ပညာရေးကဏ္ဍကို အထူးဦးစားပေးလာကြသည်ကိုလည်း အားရဖွယ်တွေ့ရှိရသည်။

အထက်တန်းပညာရေးပြီးဆုံးသူဦးရေနှင့် တက္ကသိုလ်ပညာပြီးဆုံးသူဦးရေ နှစ်ခုပေါင်းထက် မူလတန်း၊ အလယ်တန်း ပညာရေးသင်ကြားနေသူ ဦးရေကပိုများနေသည်ကိုလည်း အားတက်ဖွယ် တွေ့ရှိရသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာရှိမူလတန်း၊ အလယ်တန်းကျောင်းခွဲတို့၌ တက်ရောက်သင်ကြားနိုင်သည်။ အထက်တန်းပညာကိုမူ နီးစပ်ရာ အထက်တန်းကျောင်း၌ တက်ရောက်နိုင်ပါသည်။ ထို့ပြင် အထက်တန်းပညာရေးပြီးဆုံးပြီး တက္ကသိုလ်ပညာ မသင်ကြားနိုင် သော မိသားစုများလည်းရှိသည်။ တက္ကသိုလ်ပညာပြီးဆုံး၍ အလုပ်မရရှိသူများကို တွေ့ရှိရပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုမရှိသော ကြောင့် ဘွဲ့ရပြီး အလုပ်လက်မဲ့ဖြစ်နေကြသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမရေးရာကိစ္စဆိုင်ရာ အခြေအနေမှာ လက်ရှိအနေအထားအရ ကောင်းမွန် ပါသည်။ လွန်ခဲ့သော နှစ်ကာလများက ကျေးရွာအတွင်း၌ အမျိုးသမီးများအား အကြမ်းဖက်မှုများ နှင့် အိမ်ထောင်ရေး ပဋိပက္ခများရှိခဲ့သော်လည်း ယခုလက်ရှိကာလများ၌ အမျိုးသမီးရေးရာ အဖွဲ့ အစည်းများနှင့် သတ်မှတ်ထားသော စံနှုန်းများအရ ကောင်းမွန်စွာ စီစစ်မှုကြောင့် အမျိုးသမီးဆိုင်ရာ ကိစ္စရပ်များ ပဋိပက္ခနည်းပါးခဲ့သည်။ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ များ၏ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် ကျေးရွာအတွင်း ကျား-မရေးရာကိစ္စရပ်များ တိုင်ကြား မှုမရှိသလောက်နည်းသွားခဲ့ပြီဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးကြား အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများလည်း မရှိတော့ပါ။

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့စည်းများမှာ အမျိုးသမီးပါဝင်မှုတို့ မရှိသလောက်နည်းပါးသည်။ ရပ်မိရပ်ဖဟုဆိုသော်ငြားလည်း ရပ်မိများသာတွေ့နေရပြီး အမျိုးသမီးပါဝင်မှု အားနည်းနေပါသည်။ ထို့ကြောင့် အမျိုးသားများနှင့် တန်းတူအမျိုးသမီးများကိုလည်း အုပ်ချုပ်ရေးပိုင်းတာဝန်များ စီမံဆောင်ရွက်စေခြင်းဖြင့် ကျား-မရေးရာကိစ္စရပ်များ ဖွံ့ဖြိုးမှုအပိုင်းကဏ္ဍမှာ အထောက်အပံ့အဖြစ်တစ်ထောင့်တစ်နေရာ ပါဝင်ဖြေရှင်းနိုင်မည်ဖြစ်သည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကြာကြီးကွင်းကျေးရွာ၌ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများကိုလည်း အဖွဲ့လိုက်စနစ်တကျဖွဲ့စည်းထားပါသည်။ သာသနာဘာသာအကျိုးဆောင်အတွက် ဂေါပကအဖွဲ့ ဖွဲ့စည်းထားပြီး ပရဟိတလူငယ်အဖွဲ့လည်းရှိသည်။ ရပ်မှုကိစ္စဆိုင်ရာနှင့် ဘာသာသာသနာအတွက် အပျိုလူပျိုအဖွဲ့ ဖွဲ့စည်းထားပါသည်။ ဇီဝကလူမှုကူညီရေးအသင်းလည်းရှိပြီး လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်အားကောင်းသည်။ ပွင့်သစ်စ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကိုလည်း သမဘဏ်အဖြစ် ပြင်ပမှဖွဲ့စည်းထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို ကျေးရွာတွင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာတွင် လူငယ်နှင့် အရံမီးသတ်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။ အမျိုးသမီးရေးရာနှင့် မိခင်နဲ့ကလေးအသင်းဖွဲ့များလည်းရှိသည်။ ရပ်ရွာအေးချမ်းမှုကို ရှေးရှု၍ ပြည်သူ့စစ်တပ်သားများလည်း ဖွဲ့စည်းထားပြီးဖြစ်သည်။ အဆိုပါ အဖွဲ့စည်းများအား ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုများ ပိုမိုအားကောင်းလာစေရန်နှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မှု၊ အဖွဲ့စည်းဆိုင်ရာသဘောတရားများ နားလည်သိရှိစေရန် စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးသက်ရောက်မှုကိုများစွာ အထောက်အကူဖြစ်စေမည်ဖြစ်သည်။ သို့မှသာလျှင် မိမိ၏ကျရာတာဝန်နှင့် ဖွံ့ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာကို နားလည်သလောပေါက်ပြီး စီမံအုပ်ချုပ်မှုများကို တိုးတက်လာနိုင်စေပါမည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကြာကြီးကွင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ နှစ်စဉ်မိုးစပါးကိုသာ အဓိကထားစိုက်ပျိုးပြီး မိုးနှောင်းကာလများတွင် မြေပဲကိုစိုက်ပျိုးပါသည်။ နွေစပါးစိုက်ပျိုးမှုမရှိပါ။ ရေသွင်းစိုက်ပျိုးနိုင်သော အနေထားမရှိခြင်းကြောင့်ဖြစ်သည်။

ဆည်မြောင်းဦးစီးဌာနမှ ဆည်တည်ဆောက်နေမှုမှာ ပြီးမြောက်မှုမရှိသေးခြင်းကြောင့်ဖြစ်သည်။ ဆည်မြောင်းတည်ဆောက်ပြီးစီးပါက အုပ်စု၏ရေိယာအားလုံးကို ရေပေးသွင်းနိုင်မည်ဖြစ်သည်။ ရေလုံလောက်မှုကိုမူ စောင့်ကြည့်ရအုံးမည်ဖြစ်သည်။

စိုက်ပျိုးရေကဏ္ဍမှာ တိုးတက်နေပြီဆိုသော်ငြားလည်း နည်းပညာဝန်ဆောင်မှုများအားနည်းနေပါသည်။ သီးနှံအထွက်နှုန်းမှာ ကွာခြားနေပြီး ၎င်းတို့ဖြစ်ရခြင်းမှာ သွင်းအားစုထည့်ဝင်နိုင်မှုနှင့် နည်းပညာလိုအပ်ချက်များရှိနေကြောင်း ပေါ်လွင်နေပါသည်။ မျိုးကောင်းမျိုးသန့်အသုံးပြုနိုင်မှုမှာလည်း လိုအပ်နေပါသည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ဆောင်ရာ၌ အလုပ်သမားမလုံလောက်နိုင်သလို အလုပ်သမားများအား လုပ်အားခပို၍ပေးဆောင်ငှားရသောကြောင့် ကုန်ကျမှုများပြားရသည်။ တခါတရံ မိုးများ၍ ရေလွှမ်းမှုကြောင့် စိုက်ခင်းများ ပျက်စီးတတ်သလို ဖျက်ပိုးများကျရောက်မှုကိုလည်း တွေ့ရှိရသည်။ နည်းပညာပိုင်းဆိုင်နှင့် ဆေးမှာကောင်းမွန်သော ဖျက်ပိုးနှိမ်နင်းရေး နည်းစနစ်ကိုလည်း လိုလားနေကြသည်။ ဤသို့နားလည်သိရှိမှသာလျှင် စိုက်ပျိုးရေး' ကဏ္ဍကိုစွမ်းဆောင်မြင့်နိုင်မည်ဖြစ်သည်။

မွေးမြူရေးအနေနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုသာ လုပ်ကိုင်ကြသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများကြောင့် သေဆုံးပျက်စီးမှုများ ရှိပါသည်။ ကျွဲနွားများတွင် နှစ်စဉ်ခွာနာ/လျှာနာနှင့် တစ်ခါတစ်ရံလည်ချောင်းခွဲ၊ ခြေပုပ်လက်ပုပ်စသည့်ရောဂါများလည်း ကျရောက်တက်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းနေပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် မွေးမြူကြသော်လည်း မွေးမြူသူများမိသားစုဝင်ငွေကို အထောက်အကူဖြစ်စေကြောင်း တွေ့ရသည်။ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်မှာလည်း ငွေကြေးအခက်အခဲဖြစ်ကြရသည်။ ချေးငွေလည်းအလွယ်တစ်ကူမရရှိနိုင်ပါ။ ပြင်ပမှချေးယူစိုက်ထုတ်ရင်းနှီးလျှင် အတိုးနှုန်းမြင့်မားမှုကြောင့် အဆင်မပြေဖြစ်ရသည်။ အစိုးရဌာနမှ ရင်းနှီးငွေထုတ်ပေးပါက စီးပွားဖြစ်မွေးမြူချင်သူများ ရှိကြောင်းတွေ့ရှိရသည်။ နည်းပညာများရယူလိုကြကြောင်းတွေ့ရှိရသည်။ မွေးမြူရေးလုပ်ငန်းများ၏ မူဝါဒရေးရာများကိုလည်း သိရှိနိုင်ခြင်းမရှိကြပါ။ ထို့ကြောင့် မွေးမြူရေးလုပ်ကိုင်ရန် လိုအပ်ချက်များစွာရှိနေပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများရှိ၍ အခြားအသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများလည်းရှိသည်။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ကားမောင်း/သုံးဘီးမောင်း/ ဈေးရောင်း/ အစိုးရဝန်ထမ်းနှင့် နေ့စားအငှားလုပ်ကိုင်သူများဖြစ်သည်။ နေ့စားအငှားများမှာ ရာသီဥတုနှင့်

အလုပ်အမျိုးအစားအလိုက် လုပ်ကိုင်ကြရသည်။ အလုပ်နဲ့ပါးချိန်၌ ဝင်ငွေပုံမှန်မရှိဖြစ်ကြရသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားလာကောင်းတစ်ရပ်ဖြစ်သည်။ သို့သော် အလုပ်လက်မဲ့ဖြစ်နေသူတို့မှာ ကြုံရာအလုပ်ကိုသာ လုပ်နေရပြီး အသက်မွေးဝမ်းကျောင်းသင်တန်း မရှိသောကြောင့် သင်တန်းနှင့် အလှမ်းဝေးနေပါသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ထို့ကြောင့် ရွှေ့ပြောင်းငွေရှာလုပ်ကိုင်ရသူလည်း ရှိပါသည်။ ဝန်ထမ်းများနှင့် အခြားစက်ပြင်/ အလှပြင်လုပ်ကိုင်နေသူလည်း ရှိပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြသည်။ ထို့စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် သီးနှံများအထွက်ဓာတုပိုးသတ်ဆေး၊ သဘာဝမြေဩဇာ၊ ပုလဲဓာတ်အားစသည့်တို့အများပြားသုံးစွဲရသောကြောင့် မြေလွှာအရည်သွေးကျဆင်းလာနိုင်သည်။ သစ်ဝါးများ မဆင်မခြင်ခုတ်ယူကြသောကြောင့် သဘာဝရာသီဥတုမှာ ဖောက်ပြန်လည်သည်။ တစ်နှစ်ထက်တစ်နှစ် စိမ့်စမ်းရေများခမ်းခြောက်လာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း စွန့်ပစ်ပစ္စည်းများကို မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများဖြင့် တင်ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုမှာ မြန်မာ့စိုက်ဘဏ်မှ တစ်ဧက(၁၀၀၀၀၀)နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာသမဝါယမအသင်း ပွင့်သစ်စံကို ဖွဲ့စည်းထားပါသည်။ သမဝါယမအဖွဲ့တွင်လည်း အတိုးသကျပ်ခွဲတိုးဖြစ်သော်လည်း စုငွေဖြတ်ထားတာများနေပြန်သည်။ တချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ ချေးငှားယူကြသူများလည်းရှိသည်။ ထို့ပြင် အပေါင်ဆိုင်တွင်ချေးပါက အပေါင်ခံပစ္စည်း ရွေးထည့်လိုအပ်ပြီး မရွေးနိုင်ပါက (၄၆)လတစ်ကြိမ်အတိုးသွင်းပြီး အပေါင်လက်မှတ်လဲရသည်။ ကျေးရွာသားများသည် ချေးငွေကိုအကြောင်းမျိုးစုံ စားဝတ်နေရေးအတွက် အသုံးပြုနေရပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စသင်ကျောင်း(၂)ကျောင်းရှိပါသည်။ အ.မ.က(ရှေ့)မူလတန်းနှင့် အ.လ.က(နောက်)တို့ဖြစ်သည်။ အ.လ.က လယ်ကျောင်းမှာ အဆောင်(၁) ၁၂၀''×၃၀''တစ်ထပ် အဆောင်(၂) ၁၂၀''×၃၀''တစ်ထပ်ဖြစ်ပြီး သွပ်၊ အုတ်၊ တမံတလင်းအမျိုးအစားဖြစ်ပြီး ကျောင်းမှာ ရွာလယ်တွင်ရှိပါသည်။

ကျောင်းဆောင်ပရိဘောဂပစ္စည်းများနှင့် ဆရာ/ဆရာမများ လုံလောက်ထားမှုကြောင့် ရွာသားများ စိတ်ချမ်းသာရသည်။ ရေမီးပြည့်စုံပြီး ကျောင်းအိမ်သာများလည်း သန့်ရှင်းကြ၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် ပညာကို အချိန်ပြည့် ကျိုးစားနေကြသည်။ လက်ရှိအ.မ.က(ရှေ့)ကျောင်းဆောင် ၉၀''×၃၀''×၁၃'တစ်ထပ်ဖြစ်ပြီး သွပ်၊ အုတ်၊ တမံတလင်း အမျိုးအစားဖြစ်ပြီး ဆောက်လုပ်နေဆဲဖြစ်ပြီး ခြံစည်းရိုးများမလုံလောက်ဖြစ်နေရသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ သားဖွားဆရာမတစ်ယောက်နှင့် အရံသားဖွားတစ်ယောက်သာရှိသည်။ ကျေးရွာသူရွာသားများအတွက် ကျန်းမာရေး ဝန်ဆောင်မှုကို ထိုက်သင့်သလောက်လက်လှမ်းမီပါသည်။

သောက်သုံးရေအတွက် တွင်းရေ၊ လက်နှိပ်တုံကင်နှင့် လျှပ်စစ်မီးရသည့်အတွက် မော်တာသုံး ရေတုံကင်များ တပ်ဆင်သုံးစွဲကြပါသည်။ ရွာလုံးကျွတ်ယင်လုံအိမ်သာများ သုံးစွဲကြပြီး ကျန်းမာရေးဂရုစိုက်မှုကြောင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပါ။ နှစ်စဉ် ဘာသာရေးပွဲတော်များနှင့် လူမှုရေးပွဲများတွင် ရိုးရာအက(show)ပွဲများပြုလုပ်၍ ပါဝင်တင်ဆက်ကြသည်။ ကျေးရွာသူရွာသားများသည် ဘာသာတရားကိုင်ရှိုင်းရှိသေကြပြီးနှစ်စဉ် ဆရာကန်တော့ပွဲများ ပြုလုပ်ပါသည်။ ဥပုဒ်ဆွမ်းကပ်လှူခြင်းများလည်းပြုလုပ်လျက် သက်ကြီးပူဇော်ပွဲများ ပြုလုပ်ပါသည်။ ထို့သို့ လူငယ်များတက်ကြွပါဝင်မှုသည် မြန်မာ့ယဉ်ကျေးမှုနှင့် မိမိတို့ဘာသာတရားကို ကိုးကွယ်စည်းကပ်ယုံကြည်မှုတို့ကို အားရကြည်နူးဖွယ်တွေ့ရှိရသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာ၏လမ်းများမှာ မြေသားလမ်းဖြစ်ပြီး ကိုယ်ထူကိုယ်ထပြုပြင်ခဲ့မှုကြောင့် ရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းများမှာ ရာသီမရွေးအသုံးပြုနိုင်သည်။ မိုးများပြီးရွာသွန်းချိန်တွင် စာလမ်းများမှာ ရွှံ့ပွက်များဖြစ်နေကြပြီး လမ်းတစ်လျှောက်လုံး သွားလာရန်အဆင်မပြေဖြစ်နေရသည်။

ကျေးရွာ၏ ချဉ်းကပ်လမ်းပေါ်တွင် ယခင်တည်ရှိခဲ့သော ရေပြွန်တံတားလေးသည်လည်း ပျက်စီးနေပြီး ရွာ၏အရှေ့ဘက်ပိုင်းရပ်ကွက်(၄)ရှိ ရွာချင်းဆက်လမ်းမှာ သစ်သားတံတားလေး သည် နှစ်နှစ်တစ်ကြိမ်ပြုပြင်နေရသည်။ ရပ်ကွက်(၁)အနောက်မှ သံလမ်းဘေးလမ်းတွင် ပြောင်း ကျော်တံတားမရှိခြင်းကြောင့် သွားလာရန်အဆင်မပြေဖြစ်နေရသည်။

ကျေးရွာ၏လမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ပြီး ထိုလမ်းများတွင်ကား၊ ထော်လာဂျီ၊ နွားလှည်းများသာ အသုံးပြုမောင်းနှင်းကြသည်။ ရွာအတွင်း၌ လျှပ်စစ်စွမ်းအားမှာ အထူးကောင်းမွန်၍ (၂၄)နာရီလျှပ်စစ်မီးရရှိပါသည်။ ပျမ်းမျှအိမ်ခြေပေါင်း(၂၄၃)အိမ်ထောင်စုမှာ (၂၁၅)အိမ်ထောင်စုသည် လျှပ်စစ်မီးကို အသုံးပြုကြသည်။ ထိုသို့ လျှပ်စစ်မီးရရှိမှုအခြေအနေ ကောင်းမွန်သော်လည်း ဂလိုင်ချောင်းရေအားလျှပ်စစ် စတင်ထုတ်လွှတ်ချိန်မှစပြီး ရရှိထားခဲ့သော မီးတိုင်၊ တန်းကြိုးများသည် နှစ်ကာလကြာမြင့်နေပြီဖြစ်၍ ဆွေးမြေ့ဟောင်းနွမ်းနေကြသည်။

ရွာအတွင်းဝင်လိုက်သည် ဘယ်ညာယိမ်းနွဲ့ယိုင်စောင်းနေသည်ကို အန္တရာယ်ရှိဖွယ်တွေ့မြင် နိုင်ပါသည်။ ဓာတ်ကြိုးများလည်းလျှော့ရဲ တွဲ့ကျနေကြပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲ အိမ်ထောင်စုများအ တွက်လည်း ဓာတ်အားလိုင်းများ အထူးလိုအပ်နေသည်။ တစ်ဦးတစ်ယောက်အားဖြင့် ဓာတ်အား လိုင်းများကို တိုးချဲ့ရန်ဖြစ်နိုင်သည့်အတွက် လက်ရှိအနေအထားမှာ ဆိုလာ၊ ဘက်ထရီအသေးလေး များနှင့် ဖယောင်းတိုင်မီးကိုသာ အသုံးပြုနေကြရသည်။

ကျေးရွာသားများသည် ဈေးကွက်နှင့် အခြားဝန်ဆောင်မှုများအတွက် မိုဘိုင်းဖုန်းကို အသုံးပြုကြသည်။ တီဗွီ၊ စလောင်းများ ပေါ်များလာ၍ သတင်းနှင့်ပညာပေး အစီအစဉ်များကို အချိန်နဲ့တပြေးညီ သိရှိနိုင်ပြီဖြစ်သည်။ ကျေးရွာ၌ စာကြည့်တိုက်ရှိပြီး ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူရှု့နေရသည်။ ရန်ကုန်မြို့ ဗဟိုစာကြည့်တိုက်အဖွဲ့ချုပ်နှင့် အဆက်အ သွယ်မရှိ၍ စာအုပ်များလက်ခံရရှိမှုမရှိပါ။ ကုသိုလ်ရှင်စေသနာရှင်များ လှူဒါန်းစာအုပ်မျှသာ စာကြည့်တိုက်တွင်ရှိပါသည်။ တာဝါတိုင်များမရှိသော်လည်း(internet)အင်တာနက် အသုံးပြုရန် လွယ်ကူသောကြောင့် (face book)ဖေ့ဘွတ်၊(viber)ဘိုင်ဘာတို့မှ သတင်းထူးများ ချိတ်ဆက်ရယူ နိုင်ပြီး ဆက်သွယ်ရေးအထူးကောင်းမွန်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကြာကြီးကွင်းကျေးရွာတွင် တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေးကို အလေးထားမှု ကြောင့် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပါသည်။ အုပ်ချုပ်ရေးအထူးကောင်းမွန်ပြီး ပြည်သူ့လုံခြုံ ရေးအတွက် ပြည်သူ့စစ်အဖွဲ့ကို ဖွဲ့စည်းထားသည်။ တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန်ပြီး၊ ရဲစခန်းနှင့် အလွယ်တကူဆက်သွယ်နိုင်မှုကြောင့် ကျေးရွာ၌ရာဇဝတ်မှုတို့ကို ထိန်းချုပ်တားစီးနိုင်

သည်။ မူးယစ်ဆေးအန္တရာယ်ကို သိရှိနားလည်းပြီး လိုက်လံရှာဖွေနှိမ်နင်းမှုကြောင့် ရွာအတွင်း မူးယစ်ဆေးအန္တရာယ်လျှော့နည်းခဲ့ပြီးဖြစ်သည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေနိုင်သော အခြေအနေကောင်းများမှာ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြသည်။ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် လုပ်သားအင်အားအပြည့်အဝရှိသည်။ စုစုပေါင်းလူဦးရေ (၈၆၃)ဦးရှိသည့်အနက် အလုပ်လုပ်နိုင်သောအရွယ် (၆၄.၂၁%)ရှိသောကြောင့် ရွာဦးရေ၏ ထက်ဝက်ကျော်ရှိနေသည်ကို အားရဖွယ်တွေ့ရှိရသည်။

ကျေးရွာ၌လျှပ်စစ်မီးကို ဂလိုင်ချောင်းရေအားလျှပ်စစ်မှရရှိပြီး ချိတ်ဆက်အသုံးပြုမှုကြောင့် လျှပ်စစ်မီးရရှိမှု အခြေအနေကောင်းမွန်ပြီး (၂၄)နာရီမီးရရှိခြင်းကြောင့် လိုအပ်သလိုအသုံးပြုနိုင်ပြီး ကျောင်းသူကျောင်းသားများ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်စေသည်။ တစ်ချို့သူများက လျှပ်စစ်မီးနှင့် စက်ကြီးများလည်ပတ်နိုင်ရန်ပင် အသုံးပြုကြသည်အထိ အဆင်ပြေပါသည်။

ကျေးရွာ၏ သဘာဝအရင်းအမြစ်များဖြစ်သော လယ်ယာမြေမှာ စိုက်ပျိုးမြေအထူးကောင်းမွန်ပြီး အသင့်အတင့်ရှိသည်။ ရာသီအလိုက်သီးနှံများ စိုက်ပျိုးမှုဖြစ်ပွားမှု ဖြစ်ထွန်းပါသည်။ စိုက်ပျိုးရေရရှိရန်အတွက် ဆည်တမံကို တည်ဆောက်နေပြီဖြစ်သည်။

ကျေးရွာ၏ဆက်သွယ်သွားလာရန် အခြေအနေကောင်းမွန်မှုကြောင့် ကုန်ကူးသန်းသွားရန် လွယ်ကူသည်။ ရွှေဘို၊ မြစ်ကြီးနား လမ်းဘေးတွင် တည်ရှိပါသောကြောင့် မြို့ကြီးများနှင့် ချိတ်ဆက်သွားလာနိုင်ပြီး မန္တလေး၊ မြစ်ကြီးနားမီးရထားလမ်းပေါ်တွင် တည်ရှိပြီး ကူးသန်းသွားလာရန် လွယ်ကူသည်။ ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနရှိပြီး စိုးရိမ်ရသောဆေးဝါးကုသခံယူလိုမှုကိုလည်း ဟိုပင်တိုက်နယ်ဆေးရုံ၌ သွားရောက်၍ ဆေးကုသခံယူနိုင်ကြသည်။ ကျေးရွာတွင် မွေးမြူရေးကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြသော်လည်း ဝင်ငွေအတွက် အထောက်အပံ့ရရှိရန် ကောင်းမွန်ခြင်းကြောင့် ကြက်နှင့် နွားကိုတိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။ စာကျက်မြေနှင့် မွေးမြူရန် နေရာရှိသည်။ သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြင့်ဆောင်ရွက်ပေးရန် လိုအပ်နေသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လုပ်သားအပြည့်အဝရှိသည်။

ကြာကြီးကွင်းကျေးရွာတွင် တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေးကို အလေးထားမှုကြောင့် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပါသည်။ အုပ်ချုပ်ရေးအထူး ကောင်းမွန်ပြီး ပြည်သူ့လုံခြုံရေးအတွက် ပြည်သူ့စစ်အဖွဲ့ကို ဖွဲ့စည်းထားသည်။ (internet)အသုံးပြုရန်လွယ်ကူခြင်းကြောင့် (face book)ဖေ့ဘွတ်၊ (viber)ဘိုင်ဘာတို့မှ သတင်းထူးများ ချိတ်ဆက်ရယူနိုင်ပြီး ဆက်သွယ်ရေးအထူးကောင်းမွန်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြသော်လည်း သီးနှံများအတွက်ဓာတုပိုးသတ်ဆေး၊ သဘာဝမြေဩဇာ၊ ပုလဲဓာတ်ဆားစသည့်တို့ အများအပြားသုံးစွဲရသောကြောင့် မြေလွှာများ အရည်အသွေးကျဆင်းလာကြသည်။ သစ်ဝါးများ မဆင်မပြင်ခုတ်ယူခြင်းကြောင့် သဘာဝရာသီဥတုမှာလည်း တစ်နှစ်ထက်တစ်နှစ် ဆိုးဝါးလာသည်။ ယခင်ရှိခဲ့ပြီးသော ဆည်ကြီးမှာ ပျက်စီးသွားသောကြောင့် စိုက်ပျိုးရေးအတွက် ရေအခက်အခဲ ကြုံနေကြရသည်။ နှစ်စဉ်စိုက်ခင်းများ၌ ဖျက်ပိုးအန္တရာယ်ကြုံတွေ့နေရသည်။ စိုက်ပျိုးရေးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိပါ။

စိုက်ပျိုးရေးလုပ်ဆောင်ရန် လုပ်ငန်းသုံးငွေသုံးစရိတ်ကို မြန်မာ့စိုက်ဘဏ်မှ ()ကေ(၁)သိန်းနှုန်းဖြင့် အများဆုံး(၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ ထို့ပြင်ပွင့်သစ်စ သမဝါယမအဖွဲ့တွင်လည်း အတိုး(၁)ကျပ်ခွဲတိုးဖြင့် ချေးယူနိုင်သည်။ သို့သော် ငွေတိုးထက်စုငွေဖြတ်ထားသည်မှာများနေသောကြောင့် တောင်သူအများအနေနဲ့ စိုက်သုံးစရိတ်အခက်အခဲဖြစ်ရပြန်သည်။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်လုပ်ကုန်လုပ်ငန်းမရှိပါ။ စိုက်ပျိုးရေးအဓိကလုပ်ကိုင်ကြသူများဖြစ်သောကြောင့် ရာသီနှောင်းချိန်၌ အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်ကြုံရပြန်သည်။ အလုပ်အကိုင်အခွင့်အလမ်းများ အထူးလိုအပ်နေပါသည်။

ကျေးရွာအတွင်း လူငယ်များမှာ မူးယစ်ဆေးအန္တရာယ်နှင့်လည်း ကြုံတွေ့နေရသည်။ လူငယ်တို့သည် တိုင်းပြည်နှင့် အနာဂတ်တိုးတက်ရေးကို လစ်လျူရှုနေကြပြီး မိမိတို့မိသားစုစားဝတ်နေရေးထက်ပင် မူးယစ်ဆေးသောက်စားပျော်ပါး အချိန်ကုန်နေကြသည်။ ၎င်းတို့၏ မိသားစုမှာလည်း ထိုလူငယ်များ၏ အနာဂတ်ကို တွေးပြီးရင်လေးလျက် စိတ်ထိခိုက်ခံစားကြရသည်။ ထို့ကြောင့် လူငယ်များအတွက် အသိပညာပေးဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်များကို စနစ်တကျစီမံဆောင်ရွက်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ထူထောင်ရေးများပြုလုပ်ပေးသင့်ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျေးရွာတွင် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့်ကလေးငယ်များ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။ ကျေးရွာတွင် အရင်းနှီးငွေ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှု စွမ်းအားတိုးတက်စေရေးတို့ဖြစ်သည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့

ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

၁.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်း သား များ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အ ထောက်အကူပြုပေမည်။

၁.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်းများအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး

အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စိုက်ပျိုးရေးသာအဓိကထားလုပ်ကိုင်ကြပြီး စပါးနှင့် ပဲများသာ အစိုက်များ သည်။ ဖျက်ပိုးများကျရောက်မှုကြောင့် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ ပုလဲနှင့် ခေတ်မြေသြဇာ အချိုးကျအသုံးချနိုင်ရန်၊ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေး ဘဏ်လုပ်ငန်းများ

ငွေရေးကြေးရေး ဘဏ်လုပ်ငန်းများအနေနှင့် အစိုးရဘဏ်နှင့် သမဝါယမ(သို့) အခြားအဖွဲ့ အစည်းများမှလည်း ချေးငွေရယူနိုင်ပြီးဖြစ်သည်။ ကျေးရွာသားများသည် ချေးငွေကိုအကြောင်းမျိုး စုံစားဝတ်နေရေးအတွက် အသုံးပြုနေရပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက်လည်း ချေးငွေလိုအပ်ချက် များများရရှိရန်လိုအပ်ကြောင်းတွေ့ရသည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းအလုပ်ကိုင်သူမရှိပါ။ သို့သော်အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားလာကောင်းများရှိပါသည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိက တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင် ရွက်ပေးရန်လိုအပ်ပါသည်။

### (င) ကျေးလက်ဈေးဆောက်လုပ်ရေး

ကြာကြီးကွင်းကျေးရွာတွင် ဈေးမှာ မိုးမလင်းပြန်ကျဈေးသာရှိသည်။ လက်ရှိရောင်းချနေကြ သောဈေးမှာ လမ်းမများတွင် တဲတန်းများထိုး၍ ရောင်းချနေကြရသည့် ယာယီဈေးတစ်ခုသာရှိ သည်။ ဈေးတည်ဆောက်ရန် မြေနေရာရှိသော်လည်း မဆောက်လုပ်နိုင်သည့် အနေအထားဖြစ်နေ သည်။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေ၊ သန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျပါဝင် သည့် ဈေးအဆောက်အဦတစ်ခု တည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ ဤသို့

ဆောင်ရွက်ခြင်းဖြင့် ကြာကြီးကွင်းကျေးရွာအပြင် အုပ်စုအတွင်းမှ အနီးပတ်ဝန်းကျင်ရွာသူရွာသား အချို့အတွက်လည်း အကျိုးခံစားမှုရရှိစေနိုင်ပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ထို့ကြောင့် ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြ ပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် အနည်းနှင့်အများဆိုသလိုပြောင်းလဲမှုရှိနိုင်ပြီး နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များလည်း ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ် ရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်း | ၉၂ | ၁ | – ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း။( ပေ ၂၂၀၀)<br>- ရွာချင်းဆက်လမ်းခင်းခြင်း<br>- ရေပြွန် (၂)ခုဆောက် လုပ် ခြင်း။ | ကျေးလက် ဦးစီး |
| *ပညာရေး* | | | | | |
| စာသင်ကျောင်း | ၂။ ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | ၇၂ | ၂ | –အရိပ်ရကစားကွင်းနေရာနှင့် ဆီးဆောဒန်း၊ ဘားဒန်း စသည် ဖြင့် စီမံထားရှိခြင်း၊<br>–ပုံစံဝင်သောကျောင်းဆောင် ဆောက်လုပ်ခြင်း၊ | |
| *စိုက်ပျိုးရေး* | | | | | |
| | ၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၇၂ | ၃ | - စိုက်ပျိုးရေးချေးငွေများလုံ လောက်စွာရရှိနိုင်ရေး၊<br>- လယ်ယာသုံးစက်ကိရိယာ များဈေးနှုန်းသက် သာ စွာဖြင့်ငှားရမ်းအသုံးပြုနိုင်ရေး၊ | – |

| | | | | |
|---|---|---|---|---|
| **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | |
| ချေးငွေ | ၄။ ဘဏ်များ၊ ငွေကြေး ဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊ | ၆၈ | ၄ | – ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြင်ပ ငွေကြေး အဖွဲ့ အစည်း များနှင့်အကျိုးတူ စီးပွား ရေး လုပ် ငန်းများ လုပ်ကိုင် နိုင်ရန် ဆောင်ရွက်ခြင်း၊<br>- ပြင်ပအဖွဲ့အစည်းများမှအတိုးနှုန်းသက်သာသော အ ရင်းအနှီးဆိုင်ရာချေးငွေများရရှိရန်ဆောင်ရွက်ခြင်း၊ |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | |
| | ၅။ သက်မွေးဝမ်းကျောင်း နည်းပညာများ ပြန့်ပွါးလာရေး | ၅၄ | ၅ | - သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊<br>- အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေးခြင်း၊ |
| **စီမံအုပ်ချုပ်မှု စနစ်** | | | | – |
| | ၆။ ကျေးရွာအဖွဲ့အစည်းများ စွမ်းရည် မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း | ၅၀ | ၆ | - ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ခြင်းသင်တန်း၊<br>- ငွေစာရင်းသင်တန်း၊<br>- အဖွဲ့အစည်းဆိုင်ရာသ ဘောတရားရေးရာသင်တန်း၊ |
| *မွေးမြူရေး* | | | | |
| | ၇။ မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၄ | ၇ | – မွေးမြူရေးချေးငွေများပိုမိုရရှိရန်ဆောင်ရွက်ခြင်း။<br>– ခေတ်မီမွေးမြူရေးစနစ် များ လက်တွေ့ဆောင်ရွက်ခြင်း၊<br>- မွေးမြူရေးနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျေးလက်ကျန်းမာရေးဆိုင်ရာ အဆောက်အဦးအသုံးအဆောင်နှင့် ဝန်ထမ်းဖွဲ့စည်းပုံအတိုင်းရရှိအောင် ဆောင်ရွက်ပေးရန် | ၁ | √ | √ | √ | √ | |
| ၂။ လျှပ်စစ်မီးတိုင်၊ မီးကြိုး၊ တန်းများ လုံလောက်ဆောင်ရွက်ပေးရန် | ၂ | √ | √ | | | |
| ၃။ ကွန်ကရစ်လမ်း၊ တံတားများတည်ဆောက်ပေးရန် | ၃ | √ | √ | √ | | |
| ၄။ ကျေးလက်ဈေးအဆောက်အဦနှင့် မူဝါဒရေးရာများကို လိုအပ်သလိုဆောင်ရွက်ပေးရန် | ၄ | | √ | √ | | |
| ၅။ ခေါင်းဆောင်မှုသင်တန်း၊ စာရင်းသင်တန်းများသင်ကြားပို့ချပေးရန် | ၅ | √ | √ | | | |
| ၆။ ဆည်မြောင်းများ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ဆည်မြောင်းဌာနမှ ဆည်မြောင်းများအလျင်အမြန်လုပ်ပေးနိုင်ရန် | ၆ | √ | √ | √ | | |
| ၇။ လက်ရှိကျောင်းပိုင်အားကစားကွင်းကို ပြင်ဆင်ရန် နည်းပညာနှင့် ထောက်ပံ့ငွေများချထားပေးရန် | ၇ | √ | | | | |
| ၈။ မြေဆီလွှာ ကျွမ်းကျင်ပညာရှင်များ ကွင်းဆင်းလာရောက် ဆောင်ရွက်ပေးနိုင်ရန် | ၈ | √ | √ | √ | √ | √ |

| | | | | | | |
|---|---|---|---|---|---|---|
| ၉။ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာပံ့ပိုးလုပ်ဆောင်ပေးရန် | ၉ | √ | √ | √ | √ | √ |
| ၁၀။ စိုက်ပျိုးရေးနည်းပညာများရရှိအသုံးပြုမှု တိုးတက်အောင်နှင့် မျိုးကောင်းမျိုးသန့်စု ပေါင်းဝယ်ယူနိုင်ကြရန် | ၁၀ | √ | √ | √ | √ | √ |
| ၁၁။ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှု များရရှိအောင် ဆောင်ရွက်ပေးနိုင်ရန် | ၁၁ | √ | √ | √ | √ | |
| ၁၂။ မူးယစ်ကင်းစင်ကျေးရွာဖြစ်ရန်အားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးရန် | ၁၂ | √ | √ | √ | √ | √ |
| ၁၃။ ပိုမိုကောင်းမွန်သော ပညာရေးဆိုင်ရာစွမ်း ဆောင်ရည်နယ်ပယ်ကို ဖန်တီးပေးနိုင်ရန်နှင့် ကျောင်းခြံစည်းရိုးများ ကာရန်နိုင်ရန် | ၁၃ | √ | √ | √ | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအသုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ကျေးလက်ကျန်းမာရေးဆိုင်ရာ အဆောက်အဦအသုံးအဆောင်နှင့် ဝန်ထမ်းဖွဲ့စည်းပုံအတိုင်းရရှိအောင်ဆောင်ရွက်ပေးရန် | | | သိန်း(၆၀၀) | | |
| ၂ | လျှပ်စစ်မီးတိုင်၊ မီးကြိုး၊ တန်းများလဲလှယ်ဆောင်ရွက်ပေးရန် | | | ၄၂သန်း | | |
| ၃ | ကွန်ကရစ်လမ်း၊ တံတားများတည်ဆောက်ပေးရန် | | | သိန်း(၈၀၀) | | |
| ၄ | ကျေးလက်ဈေးအဆောက်အဦနှင့် မူဝါဒရေးရာဆိုင်ရာများကို လိုအပ်သလိုဆောင်ရွက်ပေးရန် | | | | | |
| ၅ | ခေါင်းဆောင်မှုသင်တန်း၊ စာရင်းသင်တန်းများ သင်ကြားပို့ချပေးရန် | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ဆည်မြောင်းများစနစ်တကျ သုံးစွဲနိုင်အရေးအတွက် ဆည်မြောင်းဌာနမှ ဆည်မြောင်းများ အလျင်အမြန်လုပ်ပေးနိုင်ရန် | | | | | |
| ၇ | လက်ရှိကျောင်းပိုင် အားကစားကွင်းကိုပြင်ဆင်ရန် နည်းပညာနှင့် ထောက်ပံ့ငွေများချထားပေးရန် | | | သိန်း(၂၀ ၀) | | |
| ၈ | မြေဆီလွှာ ကျွမ်းကျင်ပညာရှင်များ ကွင်းဆင်းလာရောက် ဆောင်ရွက်ပေးနိုင်ရန် | | | | | |
| ၉ | အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးလုပ်ဆောင်ပေးရန် | | | | | |
| ၁၀ | စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှု တိုးတက်အောင်နှင့် မျိုးကောင်းမျိုးသန့်စုပေါင်း ဝယ်ယူနိုင်ကြရန် | | | | | |
| ၁၁ | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိအောင်ဆောင်ရွက်ပေးနိုင်ရန် | | | | | |
| ၁၂ | မူးယစ်ကင်းစင်ကျေးရွာ ဖြစ်ရန်အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးရန် | | | | | |
| ၁၃ | ပိုမိုကောင်းမွန်သော ပညာရေး ဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ဖန်တီးပေးနိုင်ရန်နှင့် ကျောင်းခြံစည်းရိုးများ ကာရန်နိုင်ရန် | | | | သိန်း(၂၀) | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ

ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက် အလက်များ ပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည် တို့ ပါဝင်ပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂၀ | ၁၄ | ၃၅ | ၂.၆၀ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၅၂ | ၃၁ | ၈၃ | ၆.၁၇ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅၃ | ၄၂ | ၉၅ | ၇.၀၇ |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၉၀ | ၈၂ | ၁၇၂ | ၁၂.၈ |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၁၃ | ၄၅၀ | ၈၆၃ | ၆၄.၂၀ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၉ | ၅၇ | ၉၆ | ၇.၁၄ |
| **စုစုပေါင်း လူဦးရေ** | | **၆၆၈** | **၆၇၆** | **၁၃၄၄** | |
| **စုစုပေါင်း အိမ်ထောင်စု - ၂၄၃** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၆** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။နို့စို့အရွယ်မှ အလယ်တန်းကျောင်းသားအရွယ်အထိသည် မိန်းကလေးဦးရေထက် ယောကျာ်းလေးဦးရေကပိုများနေသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သော အရွယ်မှာ ရွာလူဦးရေ၏ ထက်ဝက်ကျော်ဖြစ်နေသည်များကို အားရဖွယ်တွေ့ရှိရသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၃ | | ၂၁၀ | | |
| | အလုပ်သမား၊ ကျပန်း၊ | ၁၃ | | ၁၁ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | ၅ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | ၁ | အမြဲလုပ်သူ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | - | လယ်လုပ်ငန်းနားချိန် |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | ၈ | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | ၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | - | - | ၂၆ | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၆ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| | **စုစုပေါင်း** | ၂၄၃ | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဝင်ငွေရအဓိက လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ သီးနှံပေါ်မှ ဝင်ငွေရှိကြသူများဖြစ်လေသည်။ စိုက်ပျိုးပြီးချိန်နှင့် ရိတ်သိမ်းပြီးချိန်တို့၌ ပြင်ပသို့သွား၍ လုပ်ကိုင်ကြသူများရှိ၍ အိမ်၌အိပ်စားလုပ်နေသူမှာ ပိုများနေသည်ကိုတွေ့ရသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်း၍ လုပ်အားအရင်းအမြစ်များ ဆုံးရှုံးနေကြရသည်။ အသက်မွေးဝမ်းကျောင်းပညာ မတတ်မြောက်ကြသူများဖြစ်သည်။ ချောင်လည်သောအဆင့်နှင့် အလယ်အလတ်လူတန်းစားများ၏ ပိုလျှံသောခေ အသုံးမပြုပဲ ဂုဏ်ပကာသနရရှိရေးအတွက် ပြုလုပ်သော ပျော်ပွဲရွှင်ပွဲများ၌သာ အသုံးပြုကြသည်ကို တွေ့ရှိရသည်။ ဝင်ငွေရလုပ်ငန်းမလုပ်ကိုင်နိုင်သော မိသားစုမှာ(၃)အိမ်ထောင်စုရှိ၍ ပတ်ဝန်းကျင်ကိုသာမှီခိုနေရပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျား၊မအလိုက် အလုပ်အားခကွာခြားနေသည်။ ယခင်ကအသုံးပြုခဲ့ကြသော စံနှုန်းနှင့် ခွန်အားသုံး၍ လုပ်ကြရသော လုပ်ငန်းများကြောင့်ဖြစ်သည်။ အလုပ်ရှင်၏ လိုအပ်ချက်ပေါ် မူတည်ပြီး နေ့စားလုပ်

အားခန့်မှန်းထား ပြောင်းလဲမှုရှိပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၀၁၈.၃၉ | သင့် | မရ | ၁၀၁၈.၃၉ ဧက |
| ယာမြေ /တောင်ယာ | ၁၅၆.၅၅ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | ၁၀ | သင့် | မရ | |
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | ၁၁၅ | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| **စုစုပေါင်း** | | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ တောင်ကျချောင်းရေများရှိနေသော်လည်း ဆည်ကြီးပျက်စီးသွားခဲ့၍ မိုးရေနှင့် မြေအောက်ရေများကို အသုံးပြုကြရသည်။ ယခုမှာ တည်ဆောက်နေဆဲဆည်ကြီး အမြန်ပြီးအောင် ဆောက်လုပ်ပေးရန် မျှော်လင့်တောင်းသနေကြပါတော့သည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောတောင်များရှိခြင်းကြောင့် နွားစာနှင့် ဆေးဘက်ဝင်အပင်များ အနည်းငယ်တွေ့ရှိရပါသည်။ တောတောင်တို့နှင့်နီးသော လယ်မြေများတွင် လာရောက်ဖျက်စီးသော သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း အနည်းငယ်တွေ့ရလေ့ရှိပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကနှင့် အထက် | ၆ဧကနှင့်ထက် | ၃ဧကအောက် | မရှိ |
| အိမ်အခြေအနေ | တိုက်၊ အုတ်နံရံ | ပျဉ်ထောင်၊ ပျဉ်ခင်း | သွပ်မိုး၊ ထရံကာ ပျဉ်ခင်း | သက်ကယ်မိုး၊ ကြမ်းခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ရိတ်ခြွေစက်၊ ထွန်စက်၊ ထော်လာဂျီ၊ ခြွေလှေ့စက် | ထွန်စက်၊လက်တွန်းထွန်စက်၊ခိုင်းနွား၊ရေစုပ်စက်၊ ထော်လာဂျီ | လှည်း၊နွား | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ တီဗွီ၊ စလောင်း | ဆိုင်ကယ်၊ တီဗွီ၊ စက်ဘီး၊ ချုပ်စက် | ဆိုင်ကယ်၊ စက်ဘီး | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ ယာ၊ ကုန်သည် | လယ်၊ ယာ | လယ်အငှား၊ ကျပန်း | ကျပန်း |
| အိမ်ထောင်စု - ၂၄၃ | ၄၁( ၁၆.၉%) | ၉၀(၃၇.၀၃%) | ၅၈(၂၃.၈၆%) | ၅၄(၂၂.၂၂%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်၍ ဥစ္စာဓနအဆင့် အခြေအနေသတ်မှတ်ရန်

ဆွေးနွေးကြစဉ် အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိ အိမ်ထောင်စုများက ပိုင်ဆိုင်မှုအလိုက် အခွန်ဆောင်ရမည်ဟုထင်ကြ၍ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများက ထောက်ပံ့ငွေရရှိမည်ဟု ထင်မြင်ယူဆနေကြကြောင့် တွေ့ရှိရသည်။ ရွာရှိအိမ်ထောင်စုဦးရေ၏ ထက်ဝက်သည်ဆင်းရဲနှင့် အလွန်ဆင်းရဲတွင်ရှိနေကြောင်း တွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၂ | | |
| ၃ လနှင့် ၅ လ အထိ | ၁၃ | | |
| ၆လ မှ ၁၂ လ အထိ | ၄ | | |

ရင်းမြစ် .. ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အလွန်ဆင်းရဲကြသော်လည်း ချေးငှားခြင်း၌ ပျော်မွေ့နေသူများသဖွယ်ဖြစ်ကြ၍ နှစ်နပ်စားနိုင်ယုံမက အဝတ်အစားပင် အကြွေးဝယ်ဝတ်မှုများ တွေ့ရှိရသည်။ ပြန်မဆပ်နိုင်၍ ရေလျှော်ပေးရသူများလည်း အမြောက်အများဖြစ်သည်။ အလုပ်မလုပ်ပဲ စားနေနိုင်ခြင်းကြောင့် ဆင်းရဲတွင်းပို၍ နက်နေကြောင်း တွေ့ရသည်။ ပြန်မဆပ်ပဲနေချင်းဖြင့် ဥပဒေအရ အပြစ်ရှိမှုကိုလည်း ပေးသူယူသူနှစ်ဦးစလုံး မသိကြသူများသာဖြစ်နေသည်ကို တွေ့ရှိရသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၂ | ၄ | ၆ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၂ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၇ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ဘိုးဘွားရိပ်သာများနှင့် အလှမ်းကွာဝေးနေသည်။ ကျေးရွာအတွင်း သက်ကြီးပူဇော်ပွဲများ မကျင်းပနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလိုခြင်းများကို တွေ့ရသည်။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆)ဦးတို့သည် (၈၀)နှစ်အထက်များသာဖြစ်ကြသည်။ မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည် ပုဂ္ဂိုလ်နှစ်ဦးမှာ လင်နှင့်မယားပေါင်းမှ ကောင်းမွန်သော မျက်စိတစ်လုံးသာ ပိုင်ဆိုင်သော သက်ကြီးရွယ်အိုပင်ဖြစ်သည်။ အိမ်ထောင်စုလေးစုရှိနေသည်ကိုတွေ့ရသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | ဝင်ငွေနည်းပါးနေပါသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | စိုက်ပျိုးမြေရှိ၍ မိုးရေကိုအားပြုရပါသည်။ |
| ၃ | ရေကြီးခြင်း | နိမ့် | မိုးတွင်းမှသာ တစ်ခါတစ်ရံကြုံတွေ့ရပါသည်။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | နှစ်စဉ်မိုးရွာသွန်းမှုရှိပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | တစ်ခါတစ်ရံ။ |
| ၇ | လျှေင် | နိမ့် | တစ်ခါတစ်ရံ။ |
| ၈ | မီးဘေး | နိမ့် | တစ်ခါတစ်ရံ။ |
| ၉ | ဆားငန်ရေဝင်မြေ | | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်၊ ဝါး၊ ထင်းများခုတ်ယူသုံးစွဲနေပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် | ခြင်အလွန်ပေါ်များပါသည်။ |
| ၁၃ | တီဘီရောဂါ | နိမ့် | အနည်းငယ်မျှသာတွေ့ရှိရပါသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | အနည်းငယ်မျှသာတွေ့ရှိရပါသည်။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ခွာနာ၊ လျှာနာရောဂါနှစ်စဉ် နှစ်ကြိမ်ဖြစ်ပွားနေပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း | နိမ့် | လမ်းပန်းဆက်သွယ်ရေးကောင်းပါသည်။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ဆက်သွယ်ရေးခက်ခဲ စသည် | | |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တရားမဝင်သစ်လုပ်ငန်းများနှင့် ထင်း၊ ဝါးများခုတ်ယူခြင်းကြောင့် သစ်တောများမှာ ပြုန်းတီးသည်ထက် ပြုန်းတီးနေရသည်။ အလုပ်အကိုင်အခွင့်အလမ်းများနည်းခြင်းကြောင့် တရားမဝင်သစ်စက်များတွင် ဝင်ရောက်လုပ်ကိုင်ကြသူများ ဝမ်းစာဖူလုံမှုရှိကြသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးသုံးစွဲနေခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | ၂၂ဦးသာရှိ(၇)အိမ်ထောင်စု |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | |
| ၉ | ငါးကန်ပိုင်ရှင် | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | မြင့် | အများအပြား |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လူငယ်များ မူးယစ်ဆေးသုံးစွဲမှုများလာသည်။ ဆေးစွဲသူများ မူးယစ်နေချိန်ပြုံးပျော်နေနိုင်ကြသော်လည်း ၎င်းတို့၏မိဘများမှာ ပျော်ရွှင်မှုမရကြတော့ပဲ စိတ်ထိခိုက်ဆင်းရဲနေကြသည်ကို တွေ့ရသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | မီးသတ် | ၂ | ၇၅ | ၅ | ၈၀ | မီးနှင့် သဘာဝဘေး | ၄ | ၇ |
| ၂ | မိခင်နှင့်ကလေး | ၂ | | ၁၈၆ | ၁၇၆ | လူမှုရေး | ၄ | ၇ |
| ၃ | ပြည်သူ့စစ် | ၂ | ၇၀ | | ၇၀ | လုံခြုံရေး | ၄ | ၇ |
| ၄ | အမျိုးသမီး ရေးရာအဖွဲ့ | ၂ | | ၁၅၀ | ၁၅၀ | လူမှုရေး | ၄ | ၇ |
| ၅ | ဇီဝက | ၂ | ၂၇ | | ၂၈ | လူမှုကျန်းမာရေး | ၄ | ၇ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၆ | ဂေါပက | ၃ | ၄၀ | | ၄၀ | လူမှုကျန်းဘာ သာရေး | ၄ | ၇ |
| ၇ | ပွင့်သစ်စသမ | ၁ | ၆၇ | ၂၉ | ၉၆ | ဖွံ့ဖြိုးရေး | ၄ | ၇ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အဖွဲ့အစည်းများ အားလုံးတို့သည် ဖွဲ့စည်းစတွင် စနစ်တကျ ထိန်းသိမ်းတက်ကြွစွာ လုပ်ကိုင်ကြသော်လည်း နောက်ပိုင်းတွင် အားနည်းလာမှုများတွေ့ရသည်။မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးကို ကျေးရွာတွင်ရရှိအောင် ဆောင်ရွက်ပေးခဲ့သည့် မီးလင်းရေး ကော်မတီမှာ မှန်ကန်သောဦးဆောင်မှုနှင့် ထိရောက်စွာဆောင်ရွက်နိုင်ခဲ့မှုတို့ကြောင့် အဖွဲ့အစည်း ဆိုင်ရာစီမံခန့်ခွဲမှုအပိုင်းတွင် အားရစရာများရှိခဲ့သည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသို့လာရောက်၍ ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးသူများမရှိ အဖွဲ့အစည်းများ မရှိသေးသည်ကို တွေ့ရှိရသည်။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

## (၂.၂.၁) သီးနှံထုတ်လုပ်ရေး

## (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၂ | ၄၆.၀၉% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၀ | ၄.၁၁% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၃၃ | ၁၃.၅၈% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၆၇ | ၂၇.၅၇% | အလယ်အလတ်စား တောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၅ | ၁၂.၅ ဧက အထက် | ၂၁ | ၈.၆၄% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၄၃** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်းနေထိုင်ကြသူများသည် မြေယာယာမဲ့ အိမ်ထောင်စုက ပိုများသည်ကို တွေ့ရသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | | | |
| ၂ | ရေလွှဲဆည် | - | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | - | | | |
| ၈ | အခြား | - | ၁၀၁၈.၃၉ | ရာသီအလိုက် | မရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဆည်မြောင်းဦးစီးဌာနမှ ဆည်တည်ဆောက်နေဆဲ၊ ဆည်မြောင်းတည် ဆောက်ပြီးပါက အုပ်စု၏ဧရိယာအားလုံးကို ရေပေးသွင်းနိုင်မည်ဖြစ်သည်။ ရေလုံလောက်မှုကိုတော့ စောင့်ကြည့်ရမည်ဖြစ်သည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၀၁၈.၃၉ | တင်း | ၅၀ | ၁၂၀ | ၇၀ | ဇွန် | ဇူလိုင် | လတ် | လတ် | |
| မြေပဲ | ၁၅၆.၅၅ | တင်း | ၃၅ | ၁၀၀ | ၅၅ | ဒီဇင်ဘာ | ဇန်နဝါရီ | လတ် | လတ် | |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သီးနှံထွက်မှုမှာ ကွာခြားနေသည်ကို တွေ့ရသည်။ ၄င်းဖြစ်ရခြင်းမှာ သွင်းအားစု ထည့်ဝင်နိုင်မှုနှင့် နည်းပညာလိုအပ်ချက်များရှိနေကြောင်း တွေ့ရှိရသည်။ မျိုးကောင်းမျိုးသန့်အသုံးပြုနိုင်မှု ကွာခြားခြင်းနှင့် သက်ဆိုင်နေသည်ဟုသိရသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | - | - | - | - | - | |
| လက်တွန်းထွန်စက် | ၇၅ | - | - | - | - | ၂၀ | |
| အစေ့ချ ကိရိယာ | - | | | | | - | |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | | | | | ၂၀ | |
| ရိတ်သိမ်းစက် | - | | | | | - | |
| ခြွေလှေ့စက် | ၆ | - | - | - | - | ၁၁၁ | |
| ရေစုပ်စက် | ၁၈ | - | - | - | - | ၅ | |
| ခြေနင်းရေတင်စက် | - | | | | | | |
| မြက်ရိတ်စက် | - | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လက်တွန်းထွန်စက်များ အရစ်ကျရောင်းပေးမှုကြောင့် အများစုအသုံးနိုင်ကျသည်။ အတိုးနှုန်းသက်သာပြီး နှစ်ရှည်အရစ်ကျစနစ်များရှိပါက သုံးလာနိုင်ကြောင်းတွေ့ရသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | စိုက်ပျိုးမြေရရှိနိုင်မှုရှိ၊ မြေဆီသြဇာအသင့်အတင့် |
| ရေရင်းမြစ် | စက်ရေတွင်းများ အသုံးပြုနေရပါသည် |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | အများအပြားဝယ်ယူရန်လွယ်ကူ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | ဓာတုပိုးသတ်ဆေးနှင့် ဆေးဖြန်းကိရိယာများဝယ်ယူနိုင် |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | ပွင့်သစ်စသမဝါယမအဖွဲ့နှင့် စိုက်ပျိုးရေးဘဏ်တို့မှ ချေးငွေရရှိပါသည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | နည်းပညာဟောပြောပွဲများပြုလုပ်ပေး |
| သွင်းအားစုဈေးကွက် | အခြားဒေသမှ လုပ်သားများခေါ်ယူရန်လွယ်ကူ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | အရည်အသွေးပြည့်ထုတ်ကုန်များနှင့် သယ်ယူပို့ဆောင်ရန်လွယ်ကူခြင်းကြောင်း ကုန်သည်များစိတ်ဝင်စားမှုရှိ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သီးနှံထုတ်လုပ်မှု တိုးတက်စေရန် အခွင့်အလမ်းကောင်းများ ပြည့်စုံနေပါသည်။ လယ်မြေများသည် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်သောမြေများ ဖြစ်နေပါသည်။ မြေယာမဲ့များ၍ လုပ်သားများခေါ်ယူရန် လွယ်ကူနေသည်။ ထွက်ရှိသောသီးနှံများသည် အရည်အသွေးအသင့်အတင့်ဖြစ်ကြောင်းတွေ့ရှိရသည်။ ကုန်သည်ကြီးများ စိတ်ဝင်စားမှုရှိပြီး တိုက်ရိုက်မဆက်သွယ်နိုင်ကြ၍ ပွဲစားများ၏ ခေါင်းပုံဖြတ်မှုကိုကြုံနေကြသည်။ တစ်ခါတစ်ရံ တောင်သူများစပါးကို တင်းတောင်းကြီးများနှင့် ဝယ်ယူနှစ်စဉ်ကြုံတွေ့ရလေ့ရှိသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေရိုင်းများ မရှိတော့ပါ။ |
| မြေဆီသြဇာ အခြေအနေ | မြေဆီလွှာလိုအပ်ချက်ကိုမသိ တိုင်းတာရန်ကိရိယာမထားနိုင် |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | ၁၀ကေအထက်လုပ်ကိုင်သူများ ချေးငွေလုံလောက်စွာမရ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ဓာတ်မြေသြဇာ ဈေးနှုန်းမြင့်မှု အမျိုးမျိုးထွက်ပေါ်နေသော ဓာတ်မြေသြဇာများ၏ လက်တွေ့အကျိုးဝင်မှုကို မသိခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | ကျွမ်းကျင်သူလုပ်သားမရှိ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ဆည်မြောင်းဝန်ကြီးဌာနမှ ဆောက်လုပ်ဆဲ မိုးရေကိုအားပြုရ |
| စိုက်ပျိုးရေမလုံလောက်မှု | မိုးရေကိုသိုလှောင်ထားရန်ကုန်မရှိ မြေအောက်ရေကိုသုံးနေရ |
| ဖျက်ပိုးနှင့် ရောဂါ | နှစ်စဉ်ငမြှောက်တောင်းပျ၊ ဗံဖြူ/နီစသည့်တို့ကျရောက် |
| ဈေးကွက် လက်လှမ်းမီမှု | တစ်ဆင့်ခံပွဲစားများကိုသာအားထားနေရ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ပညာပေးဟောပြောပွဲများရှိသော်လည်း တက်ရောက်သူနည်း |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ လိုအပ်သလို ရေရရှိရန်အဓိကဖြစ်ပြီး ကျွမ်းကျင်လုပ်သားနည်းခြင်းနှင့် အမည်အမျိုးမျိုးထွက်ပေါ်နေသော ဓာတ်မြေသြဇာများ၏ လက်တွေ့အကျိုးဝင်ပုံကို မသိခြင်းများဖြစ်နေကြသည်။ စိုက်ပျိုးရေးလုပ်ကိုက်သူအားလုံးတို့သည် မိမိမြေ၏ လိုအပ်သော ဓာတ်သဘာဝကို မသိကြသူများဖြစ်နေကြသည်။ ပိုးမွှားကျရောက်မှုသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကြရောက်လာနေကြောင်း တွေ့ရှိရသည်။ ဘဏ်ချေးငွေပြန်ဆပ် ချိန်တွင် သီးနှံဈေးမှာ အောက်ဆုံးအဆင့်ကျနေခြင်းသည်လည်း ပြဿနာတစ်ခုဖြစ်သည်ဟု သိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၄၇ | ၈၆၁ | ခိုင်းနွားများရရန်မွေးမြူကြခြင်း |
| နို့စားနွား | - | - | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| မြင်း | - | - | |
| ကျွဲ | ၉ | ၆၇ | |
| မြည်း | - | - | ခိုင်းစေရန်မွေးမြူခြင်း |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၁၁၂ | ၃၄၂ | တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်း မျှသာဖြစ်သည် |
| ကြက် | ၁၂၁ | ၇၃၈ | |
| ဘဲ | ၆ | ၃၈ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တစ်ပိုင်တစ်နိုင် မွေးမြူကြသော်လည်း မွေးမြူသူများသည် မိသားစုဝင်ငွေကို ပိုအထောက်အကူပြုကြောင်း တွေ့ရသည်။ ရင်းနှီးငွေထုတ်ပေးပါက စီးပွားဖြစ်မွေးမြူချင်သူများရှိကြောင်း တွေ့ရှိရသည်။ နည်းပညာများလည်း ရယူလိုကြကြောင်းတွေ့ရှိရသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ၁၁၅ဧကရှိ |
| ရေရရှိမှု | ရေချောင်းဘေးများဖြစ် |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မရှိ |
| ချေးငွေ | မရှိ |
| သွင်းအားစုဈေးကွက် | - |
| ဝန်ဆောင်မှုဈေးကွက် | - |
| ထုတ်ကုန်ရောင်းဝယ်မှု | - |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | - |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန်ရောင်းဝယ်မှု | - |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စာကျက်မြေများရှိသော်လည်း လောဘသားများ၏ လယ်၊ ယာနှစ်စဉ်ပြုလုပ်နေ၍ စာကျက်မြေပြောက်ရတော့အလို ဖြစ်နေသည်ဟု တွေ့ရှိရသည်။ ၄င်းစာကျက်မြေများ ဖော်ထုတ်ရရှိပါက မွေးမြူရေးလုပ်ငန်း အကောင်းဆုံးသော နေရာဖြစ်သည့်ဟု သိရသည်။ လေကောင်းလေသန့်ရ၍ ရေချောင်းဘေး တွင်ရှိနေကြောင်း တွေ့ရပေသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | ချေးငွေရရှိနိုင်မှုဖြစ်နေသည် |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | ကျွမ်းကျင်ကုသသူမရှိ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာအကူအညီများလိုအပ် |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် မူဝါဒရေးရာများ လက်လှမ်းမမှီကြပါ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |
| ဈေးကွက်ရရှိနိုင်မှု | - |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးလုပ်ကိုင်နိုင်ရန် လိုအပ်ချက်များစွာ လိုရှိနေသည်ကို တွေ့ရသည်။ ဈေးကွက်ရရှိနိုင်မှု ကျွမ်းကျင်ကုသပေးနိုင်မှု၊ နည်းပညာများနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ၏ မူဝါဒရေးရာ များ မသိရှိမှုများဖြစ်နေကြသည်ကို တွေ့ရသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေး၌ပင် တိရိစ္ဆာန်များ ရောဂါကျရောက်ပါက တိရိစ္ဆာန်ဆရာခေါ်ဆောင်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ကြရသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
